Message Ten

ခရစ်တော်၏ အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်း
နှင့်
သာ၍မြတ်သောရှင်ပြန်ထမြောက်ခြင်းကို ရရှိပိုင်ဆိုင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဖိ၊၃း၁၀-၁၁

I. ဖိလိပ္ပိ ၃း၁၀ တွင် ပေါလုက "ကိုယ်တော်၏ အသေခံတော်မူခြင်းသို့ သဏ္ဌာန်တူခြင်း"အကြောင်း ပြောထားသည်။ ဤဖော်ပြချက်မှာ ပေါလုသည် ခရစ်တော်၏အသေခံခြင်းကို သူ့အသက်၏ ပုံစံခွက်အဖြစ် ယူဆောင်ရန် အလိုရှိကြောင်း ညွှန်ပြသည်။

A. ခရစ်တော်ကို သိကျွမ်းခြင်း၏ သာလွန်ထူးမြတ်ခြင်း၊ ခပ်သိမ်းသောအရာတို့ကို ရှုံးစေသောအရာအဖြစ် ရေတွက်ခြင်း၊ ခရစ်တော်ကို အမြတ်ရယူခြင်း၊ ကိုယ်တော်၌ မြင်တွေ့ခံရခြင်း၊ ကိုယ်တော်ကို သိကျွမ်းခြင်း၊ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို သိကျွမ်းခြင်း၊ ကိုယ်တော်၏ဒုက္ခဆင်းရဲခံခြင်းများကို မိတ်သဟာယဖွဲ့ခြင်းအား သိကျွမ်းခြင်း အားလုံးတို့သည် တစ်ခုတည်းသောအရာ - ခရစ်တော်၏ အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်း - ကို ထွက်ပေါ်လာစေသည် - အငယ်၊၇-၁၀။

B. ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်းမှာ ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၏ အခြေခံဖြစ်သည် - ၁း၂၀-၂၁က။ ၃း၉-၁၀။

C. ခရစ်တော်၏ အသေခံခြင်း ပုံစံခွက်မှာ ကိုယ်တော်၏ဇာတိဆိုင်ရာ၊ လူသားဆိုင်ရာ အသက်ကို အသေခံခြင်းသို့ စဉ်ဆက်မပြတ်ထားရှိခြင်းအား ရည်ညွှန်း၍၊ ထိုသို့ဖြင့် ကိုယ်တော်သည် ဘုရားသခင်၏အသက်အားဖြင့် အသက်ရှင်နိုင်မည်ဖြစ်သည် - ယော၊၆း၅၇က။

1. သခင်ယေရှုသည် မြေကြီးပေါ် ရှိစဉ်အခါက ကိုယ်တော်သည် ကားတိုင်မှာအသေခံသောအသက်တာကို အသက်ရှင်ခဲ့သည်။ ကားတိုင်မှာအသေခံသောအသက်တာကို အသက်ရှင်ခြင်းအားဖြင့် ကိုယ်တော်သည် ဘုရားသခင်ထံသို့ ရှင်သန်၍၊ ကိုယ်တော်ကို အသက်ရှင်ခဲ့သည်။
2. ကိုယ်တော်၏လူသားအသက်ကို သေခြင်းသို့ အမြဲ ထားရှိခဲ့သည်၊ သို့မှသာ ကိုယ်တော်အတွင်းရှိ ဘုရားအသက်သည် စီးထွက်လာနိုင်မည်ဖြစ်သည် - ၁၀း၁၀ခ-၁၁၊ ၁၇။
3. ကိုယ်တော်သည် အသက်ရှင်နေစဉ် အသေခံနေခြင်းလည်း ရှိသည် - ဖန်ဆင်းခြင်းအသစ်၌ အသက်ကို အသက်ရှင်ဖို့ အလို့ငှာ ဖန်ဆင်းခြင်းအဟောင်းသို့ သေနေခြင်း ဖြစ်သည်။ ဤသည်မှာ ဖိလိပ္ပိ ၃း၁၀ ရှိ *အသေခံတော်မူခြင်း* ၏ ဆိုလိုရင်း ဖြစ်ပေသည်။

D. ခရစ်တော်၏ အသေခံခြင်းသည် ကျွန်ုပ်တို့ သဏ္ဌာန်တူညီလာခြင်း ရှိမည့် ပုံစံခွက်ဖြစ်ပြီး၊ ယင်းမှာ ဂျုံမှုန့်ညက်သည် ကိတ်မုန့်ပုံစံခွက်ထဲသို့ ထားရှိ၍ ၎င်း၏ပုံစံသို့ ပုံသွင်းခံရသည့်နည်းတူပင် ဖြစ်သည်။

1. ဘုရားသခင်က ကျွန်ုပ်တို့ကို ခရစ်တော်၏အသေခံခြင်း ပုံစံခွက်အထဲသို့ ထားရှိကာ၊ တစ်နေ့ပြီးတစ်နေ့ ဘုရားသခင်က ဤအသေခံခြင်းသို့ သဏ္ဌာန်တူညီလာစေရန် ပုံစံသွင်းပေးနေသည် - ရော၊၈း၃-၄။
2. ကျွန်ုပ်တို့၏အသက်သည် ထိုသို့သောပုံစံခွက်သို့ သဏ္ဌာန်တူညီလာသင့်သည် - ဘုရားဆိုင်ရာအသက်ကို အသက်ရှင်ရန်အလို့ငှာ ကျွန်ုပ်တို့၏လူသားအသက်ထဲ အသေခံနေရမည် - ဂလ၂း၂၀။ ၂ကော၊၄း၁၀-၁၁။
3. ကျွန်ုပ်တို့၏ဇာတိအသက်ကို သေခြင်းသို့ ထားရှိမည်ဆိုလျှင် ကျွန်ုပ်တို့၌ အခြားသောအသက်၊ ဘုရားဆိုင်ရာအသက်သည် ကျွန်ုပ်တို့အတွင်း၌ ရှိနေကြောင်း အသိစိတ်ကို ရရှိကြလိမ့်မည်ဖြစ်သည်။ ဤအသက်သည် လွတ်မြောက်လာခြင်းရှိလိမ့်မည်ဖြစ်ပြီး၊ ထိုနောက် ကျွန်ုပ်တို့၏အတွေ့အကြုံ၌ ကျွန်ုပ်တို့သည် ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူညီလာကြလိမ့်မည်ဖြစ်သည် - ယော၊၁၀း၁၀ခ။ ၁ယော၊၅း၁၁-၁၂။
4. ခရစ်တော်အသေခံခြင်း၏ ပုံစံခွက်၌ ဇာတိလူသည် သေစေခြင်းခံရသည်၊ လူဟောင်းသည် ကားတိုင်မှာအသေခံရသည်၊ အတ္တသည် ပျက်ပြယ်စေခြင်းခံရသည် - ၂ကော၊၄း၁၆။ ရော၊၆း၆။ မ၊၁၆း၂၄။

5. ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်အခြေအနေများက ကျွန်ုပ်တို့ကို ဤပုံစံခွက်ထဲသို့ ဖိနှိပ်စေရန် အခွင့်ပေးမည်ဆိုလျှင် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာသည် ခရစ်တော်အသေခံခြင်း၏ ပုံစံအထဲသို့ ပုံစံသွင်းခံရခြင်းရှိလိမ့်မည်ဖြစ်သည် - ရော၊ ၈း၂၈-၂၉။
6. ကျွန်ုပ်တို့သည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုးအားဖြင့် ခရစ်တော်၏ အသေခံခြင်းပုံစံခွက်သို့ သဏ္ဌာန်တူညီခြင်း ရှိကြသည် - ဖိ၃း၁၀။ ယော၊၁၁း၂၅။ ၈း၁၉-၂၀။ သီ၂း၈-၁၃။

E. ကျွန်ုပ်တို့သည် ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်း ရှိသည်နှင့်အမျှ၊ ကိုယ်တော်၏ အရာအားလုံး ပြီးမြောက်ပြည့်စုံစေသော အသေခံခြင်းကို ကျွန်ုပ်တို့ တွေ့ကြုံခံစားရကြသည်။
1. ကိုယ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်းအားဖြင့် ကျွန်ုပ်တို့သည် အသက်၏လွတ်မြောက်ခြင်း၊ ဖြည့်သွင်းပေးခြင်းနှင့် တိုးပွားများပြားခြင်းအတွက် ကိုယ်တော်၏အသေခံခြင်း၌ ခရစ်တော်ကို တွေ့ကြုံခံစားကြသည် - ယော၊ ၁၂း၂၄-၂၅။ ၂ကော၊၄း၁၂။
2. ဘုရားသခင်ကို ဘုန်းထင်ရှားစေရန် တစ်ခုတည်းသောနည်းလမ်းမှာ ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူညီရန်ပင် ဖြစ်သည်။ ခရစ်တော်၏အသေခံခြင်းသို့ ကျွန်ုပ်တို့ သဏ္ဌာန်တူခြင်းရှိလေလ၊ ကျွန်ုပ်တို့က ခမည်းတော်ကို ဘုန်းထင်ရှားစေခြင်းရှိလေလေဖြစ်သည် - ယော၊၁၂း၂၈။ ၁၃း၃၁။
3. ကျွန်ုပ်တို့သည် ခရစ်တော်၏အသေခံခြင်းမှာ အသေခံ၍၊ ကိုယ်တော်အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်းရှိသောအခါ ကျွန်ုပ်တို့သည် အခြားသူများကို ခရစ်တော်ထံသို့ ဆွဲယူသော သံလိုက်ဖြစ်လိမ့်မည်ဖြစ်သည် - ၁၂း၃၂။
4. ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အသေခံလေလေ၊ ကျွန်ုပ်တို့၏စိတ်အသက်ကို ထာဝရအသက်သို့တိုင် ကယ်တင်ခြင်း ရှိကြလေလေဖြစ်သည် - အင၊၂၅။
5. ကျွန်ုပ်တို့သည် ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူညီရန် လိုလားဆန္ဒရှိမည်ဆိုလျှင် ကျွန်ုပ်တို့သည် လောကကို အောင်မြင်၍၊ စာတန်ကို အနိုင်ယူကြလိမ့်မည်ဖြစ်သည် - အင၊၁၃။ ဟေဗြဲ၂း၁၄။

II. ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်း၏ ရလဒ်မှာ ကျွန်ုပ်တို့သည် သေခြင်းမှ သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်းကို ရရှိနိုင်ခြင်း သို့မဟုတ် ရောက်ရှိသွားနိုင်ခြင်းပင် ဖြစ်သည် - ဖိ၃း၁၁။

A. သာ၍မြတ်သောရှင်ပြန်ထမြောက်ခြင်းသည် သာလွန်ထူးမြတ်သော ရှင်ပြန်ထမြောက်ခြင်း၊ အထူးဖြစ်သော ရှင်ပြန်ထမြောက်ခြင်းဖြစ်ပြီး၊ ယင်းမှာ အောင်မြင်သောသန့်ရှင်းသူများအဖို့ ဆုဖြစ်လိမ့်မည်ဖြစ်သည် - ဗျာ၂၀း၄၊ ၆။
1. ခရစ်တော်၌ သေလွန်ခဲ့သော ယုံကြည်သူများအားလုံးသည် သခင်ဘုရားပြန်ကြွလာချိန်၌ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းတွင် ပါဝင်ဆက်ဆံကြလိမ့်မည်ဖြစ်သည် - ၁သက်၊၄း၁၆။ ၁ကော၊၁၅း၅၂။
2. သခင်ဘုရား၏ အောင်မြင်သောသူများသည် အထူးဖြစ်သော၊ သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်း၏ဝေစုကို မွေ့လျော်ဝမ်းမြောက်ရလိမ့်မည်၊ ယင်းမှာ သူတို့သည် နိုင်ငံတော်၏ဆုလာဘ်ကို လက်ခံရရှိမည့် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်။ ဤသည်မှာ တမန်တော်ပေါလု ရှာဖွေဆည်းပူးခဲ့သည့်အရာပင် ဖြစ်သည် - ဟေဗြဲ၊၁၁း၃၅၊ ၂၆။
3. သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်းသည် ကျွန်ုပ်တို့ခရစ်ယာန်အသက်တာ၏ ပန်းတိုင်နှင့် လမ်းဆုံးပန်းတိုင်ဖြစ်သင့်ပါသည် - ဖိ၃း၁၁-၁၅က။

B. သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်းကို ရရှိခြင်းမှာ သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဤအတွက် ကျွန်ုပ်တို့သည် ဆုကို ရခြင်းငှာ ပြေးပွဲကို အောင်မြင်စွာပြေးဖို့ တောင်းဆိုနေသည်။

C. သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်းကို ရရှိခြင်းမှာ ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးသည် တဖြည်းဖြည်းနှင့် စဉ်ဆက်မပြတ် ရှင်ပြန်ထမြောက်နေကြောင်း ဆိုလိုသည် - ၁သက်၊၅း၂၃။
1. ဘုရားသခင်သည် ပထမဦးစွာ ကျွန်ုပ်တို့၏သေနေသော ဝိညာဉ်ကို ရှင်ပြန်ထမြောက်စေသည်။ ကိုယ်တော်သည် ဆက်လက်၍ ကျွန်ုပ်တို့၏စိတ်နှင့် ကျွန်ုပ်တို့၏ သေတတ်သော ခန္ဓာကို ရှင်ပြန်ထမြောက်စေပြီး၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခု

လုံး - ဝိညာဉ်၊ စိတ်နှင့် ခန္ဓာ - သည် ကိုယ်တော်၏အသက်အားဖြင့်၊ ကိုယ်တော်၏အသက်နှင့်အတူ ကျွန်ုပ်တို့ဖြစ်ခြင်း အဟောင်းထဲက အပြည့်အဝ ရှင်ပြန်ထမြောက်သည့်တိုင်အောင် လုပ်ဆောင်သည် - ၈၊၂၅-၆။ ရော၊၈း၆၊ ၁၁။

2. ကျွန်ုပ်တို့သည် ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူညီလာမည်ဆိုလျှင် ကျွန်ုပ်တို့ဖြစ်ခြင်း၏ အစိတ်အပိုင်းတိုင်းသည် တဖြည်းဖြည်း ရှင်ပြန်ထမြောက်လာမည်ဖြစ်သည်။ သို့ဖြစ်၍ ခရစ်ယာန်အသက်တာသည် ရှင်ပြန်ထမြောက်ခြင်း၏ ဖြစ်စဉ်ဖြစ်သည်။
3. ကျွန်ုပ်တို့သည် ကားတိုင်မှာအသေခံခြင်းအသက်ကို အသက်ရှင်ခြင်းအားဖြင့် ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူညီလာခြင်းအားဖြင့်သာလျှင် ဤပန်းတိုင်သို့ ရောက်ရှိနိုင်ပေသည် - ဖိ၊၃း၁၀-၁၁။
4. ခရစ်တော်၏အသေခံခြင်း၌ ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်းအဟောင်းမှ အသစ်သို့ အဆင့်ဆင့်ဖြတ်ကျော်ကြသည် - အငယ်၊၁၀-၁၁။ ၂ကော၊၅း၁၇။

D. သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်းသည် ဖန်ဆင်းခြင်းအဟောင်းထဲက ဖန်ဆင်းခြင်းအသစ်အထဲသို့ ရှင်ပြန်ထမြောက်ခြင်း ဖြစ်သည် - ဂလ၊၆း၁၅။ ၂ကော၊၅း၁၇။

1. သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်း၌ ရှိခြင်းမှာ ဖန်ဆင်းခြင်းအဟောင်း၏ အရာခပ်သိမ်းကို စွန့်ခွာ၍ ဘုရားသခင်အထဲသို့ ခေါ်ဆောင်ခံရခြင်းကို ဆိုလိုသည်။
2. သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်း၌ ဖန်ဆင်းခြင်းအဟောင်း၏ ဒြပ်သဘာဝ မပါရှိပါ။ ထိုအစား အရာခပ်သိမ်းသည် ဘုရားဆိုင်ရာဒြပ်သဘာဝဖြင့် ပြည့်ဝနေသည် - ဗျာ၊၂၁း၅က။

E. ပေါလုအဖို့ အသက်ရှင်ခြင်းမှာ သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်းအဖြစ် ခရစ်တော်သာဖြစ်သည် - ဖိ၊၁း၂၁က။ ၃း၁၁။

1. သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်းသည် အမှန်စင်စစ် ခရစ်တော်၏ ချစ်ဖွယ်သော၊ အဖိုးတန်သော၊ သာလွန်ထူးမြတ်သော ပုဂ္ဂိုလ်တော်ပင်ဖြစ်ပြီး၊ ကိုယ်တော်သည် ကားတိုင်မှာအသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ဖန်ဆင်းခြင်းအဟောင်းထဲက ထွက်၍ ဘုရားသခင်အထဲသို့ ဝင်ရောက်ခဲ့သူဖြစ်သည် - ယော၊၁၄း၃၊ ၂၀။ ဟေဗြဲ၊၆း၁၉-၂၀။
2. ကျွန်ုပ်တို့အသက်ရှင်သင့်သည့် ခရစ်တော်သည် ကိုယ်တော်ကိုယ်တိုင် သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်းဖြစ်သည် - ဖိ၊၁း၂၁က။ ၃း၁၁။ ယော၊၁၁း၂၅။

F. ဖိလိပ္ပိ ၃း၁၂ တွင် ပေါလုသည် ယုံကြည်သူများ၏ သာမန်ယုံကြည်ခြင်းအားဖြင့် ယုံကြည်သူများ၏ သာမန် ကယ်တင်ခြင်းကို ရရှိခဲ့ပြီး ဖြစ်သည်၊ သို့သော် သူသည် ရှင်ပြန်ထမြောက်ခြင်း၏ အထူးဖြစ်သောဝေစုကို ရရှိခြင်း မရှိခဲ့သေးပါ။

1. ထိုဝေစုကို ရရှိနိုင်ဖို့ရန် သူသည် ရှာဖွေဆည်းပူးရန်၊ ပြေးရန်၊ အောင်မြင်စွာဖြင့် ပြေးလမ်းကို အဆုံးသတ်ရန် လိုအပ်သည် - ၂တိ၊၄း၇-၈။
2. ဖိလိပ္ပိ ၃း၁၂ ရှိ *ရှာဖွေဆည်းပူးခြင်း* အတွက် ဂရိစကားလုံးမှာ *ညှဉ်းပန်းနှိပ်စက်ခြင်း* ဟူသောစကားလုံးနှင့် အတူတူပင်ဖြစ်သည်။ ဤစကားလုံးသည် "ရှေ့ဆက်တိုးရန်၊ နောက်သို့လိုက်လျှောက်ရန်"ဟုလည်း အဓိပ္ပာယ်ရသည်။
   a. ထိုသို့သောနည်းလမ်း၌ ပေါလုသည် ဆုကိုရရှိရန်နှင့် ရင့်ကျက်ခြင်းသို့ ရောက်ရှိရန် ပြေးပွဲကို ပြေးခဲ့သည်။
   b. သူကယ်တင်ခြင်း မခံရမီက၊ သူသည် ခရစ်တော်ကို ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ သူကယ်တင်ခြင်း ခံရပြီးနောက် သူသည် ခရစ်တော်ကို ညှဉ်းပန်းနှိပ်စက်သည့်အတိုင်းအတာအထိ ခရစ်တော်ကို ရှာဖွေဆည်းပူးခဲ့သည်၊ သို့သော် အပြုသဘောဆိုင်ရာနည်းလမ်း၌ ဖြစ်သည်။

G. ကျွန်ုပ်တို့သည် ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူညီလာရန် လိုအပ်သည်၊ သို့မှသာ မည်သည့်နည်းဖြင့်မဆို သေခြင်းမှ သာ၍မြတ်သော ရှင်ပြန်ထမြောက်ခြင်းကို ရရှိနိုင်ပေမည်။ ဤသည်မှာ ကိုယ်တော်၏ ပြန်လည်ရယူခြင်း၌ သခင်ဘုရားရှေ့ဆက်သွားရန် တစ်ခုတည်းသောနည်းလမ်း၊ သခင်ဘုရားအဖို့ အသင်းတော်ကို တည်ဆောက်ရန် တစ်ခုတည်းသောနည်းလမ်း၊ သတို့သမီးကို ပြင်ဆင်ရန် တစ်ခုတည်းသောနည်းလမ်း၊ သခင်ဘုရားကို ပြန်လည်ခေါ်ဆောင်လာရန် တစ်ခုတည်းသောနည်းလမ်း ဖြစ်ပေသည် - အငယ်၊၁၀-၁၁။ မ၊၁၆း၁၈။ ဗျာ၊၁၉း၇-၉က။ ၂၂း၁၄၊ ၂၀။

© 2026 Living Stream Ministry